# New Zealand အစိုးရအနေဖြင့် ပြည်ပကြားဝင်နှောင့်ယှက်မှုများ foreign interference မှ ကာကွယ်ရန် ဥပဒေကို ပြင်ဆင်ရေးဆွဲနေပါသည်။

## ထိုသို့ပြင်ဆင်ရာတွင် သင့်ထင်မြင်ချက်ကို ပြောနိုင်ပါသည်။

အောက်ပါအချက်အလက်များတွင် အစိုးရအနေဖြင့် ဘာလုပ်နေသည်၊ သင်မှ မည်သို့ ပူးပေါင်းပါဝင်နိုင်သည် တို့ကို ရှင်းပြထားပါသည်။

## ဘာတွေဖြစ်နေပါသလဲ?

ရဲနှင့် အခြားအဖွဲ့များမှ ပြည်ပကြားဝင်နှောင့်ယှက်မှုရန်ကို တုံ့ပြန်ရာတွင် အကူအညီဖြစ်စေရန် အစိုးရအနေဖြင့် ရာဇဝတ်မှုဥပဒေကို ထိရောက်မှုရှိစေရန် ကြိုးပမ်းနေပါသည်။

အဆိုပါ ပြောင်းလဲမှုများကို **ရာဇဝတ်မှုများ (ပြည်ပကြားဝင်နှောင့်ယှက်မှုများကို တန်ပြန်နှိမ်နင်းခြင်း) ပြင်ဆင်ရေး ဥပဒေကြမ်း Amendment Bill** ဖြင့် ပြုလုပ်နေပါသည်။

ထိုဥပဒေကြမ်းကို ပါလီမန်၏ တရားမျှတမှု စိစစ်ရွေးချယ်ရေးကော်မတီ Parliament’s Justice Select Committee မှ စဉ်းစားဆုံးဖြတ်နေပါသည်။ အဆိုပါကော်မတီသည် ဥပဒေကြမ်းကို ဥပဒေအဖြစ် အတည်မပြုမီတွင် ပိုမိုကောင်းမွန်အောင် ပြင်ဆင်သင့်သည်တို့ကို အကြံပြုပါလိမ့်မည်။

## ပြည်ပကြားဝင်နှောင့်ယှက်မှုဆိုသည်မှာ အဘယ်နည်း?

ပြည်ပကြားဝင်နှောင့်ယှက်မှုဆိုသည်မှာ ပြည်ပအစိုးရတစ်ရပ်မှ New Zealand ၏ လူ့အဖွဲ့အစည်းအတွင်း လျှို့ဝှက်သော၊ ထိန်းချုပ်သော သို့မဟုတ် မသမာသော နည်းလမ်းဖြင့် ကြားဝင်နှောင့်ယှက်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ ထိုလုပ်ရပ်သည် New Zealand နှင့်တကွ ကျွန်ုပ်တို့လူ့အသိုင်းအဝန်းကို ထိခိုက်စေပါသည်။

ပြည်ပကြားဝင်နှောင့်ယှက်မှုသည် တစ်နိုင်ငံလုံးအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ဥပမာ အမျိုးသားလုံခြုံရေး၊ စီးပွားရေး၊ ကျွန်ုပ်တို့၏ ရွေးကောက်ပွဲနှင့် အစိုးရ၏ ဆုံးဖြတ်ချက်များအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

ကြားဝင်နှောင့်ယှက်မှုများသည် တစ်ဦးချင်းစီနှင့် လူ့အသိုင်းအဝန်းအပေါ်တွင်လည်း သက်ရောက်မှု ရှိနိုင်ပါသည်။ နှောင့်ယှက်ရေးလှုပ်ရှားမှုများတွင် ပြည်ပအစိုးရအနေဖြင့် လူများ သို့မဟုတ် သူတို့မိသားစုများအား တစ်ခုခုပြုလုပ်နိုင်သောကြောင့် ထိုလူများသည် တစ်စုံတစ်ခုကို လွတ်လပ်စွာ ပြောဆို သို့မဟုတ် လုပ်ဆောင်ရာတွင် ကြောက်ရွံ့ပြီး ဘေးကင်းမှုမရှိဟု ခံစားရစေပါသည်။ ထိုသို့ ဖြစ်နေခြင်းကို လက်မခံနိုင်ပါ။ ကျွန်ုပ်တို့၏ ဥပဒေများသည် ပြည်သူများကို အခွင့်အရေးများနှင့် လွတ်လပ်မှုများ ပေးထားပါသည်။ ပြည်ပအစိုးရများအနေဖြင့် ကျွန်ုပ်တို့နိုင်ငံတွင်းရှိ လူအများ၏ ပြုမူလှုပ်ရှားမှုများကို ထိန်းချုပ်ရန် မကြိုးစားသင့်ပါ။

## ထိုဥပဒေကို ဘယ်လိုပြောင်းလဲနေပါသလဲ?

New Zealand ကို အခြားနိုင်ငံ၏ ပြည်ပကြားဝင်နှောင့်ယှက်မှုမှန်သမျှအား လက်မခံပါ။

အသစ်ပြင်ဆင်ထားသော ပြစ်မှုဥပဒေကြမ်းအရ ပြည်ပကြားဝင်နှောင့်ယှက်မှုနှင့် အခြားသော ထိခိုက်စေသည့် လှုပ်ရှားမှုများကို တရားမဝင်ဟုဆိုသည်။ အဆိုပါပြစ်မှုများသည် New Zealand တွင် အပြင်းထန်ဆုံး ပြစ်မှုများထဲ ပါဝင်ပါလိမ့်မည်။ အရေးကြီးသော အစိုးရသတင်းအချက်အလက်များကို ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးနိုင်ရန် လက်ရှိကျင့်သုံးနေသော ပြစ်မှုဥပဒေများကိုလည်း ပြောင်းလဲနေပါသည်။

အဆိုပါ ပြောင်းလဲမှုများအရ ပြည်ပအစိုးရတစ်ရပ်၏ ခိုင်းစေမှုဖြင့် ထိခိုက်စေသော အပြုအမူများကို ပြုလုပ်သူတို့အား ကျွန်ုပ်တို့၏ ရာဇဝတ်ဥပဒေအရ တားဆီးပြီး အပြစ်ပေးနိုင်ပါသည်။

## ကျွန်ုပ်၏ ထင်မြင်ချက်ကို မည်သို့ပြောဆိုနိုင်မည်နည်း?

ပါလီမန်၏ တရားမျှတမှု စိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် အများပြည်သူတို့အား ဥပဒေကြမ်းအပေါ် ထင်မြင်ချက်များ မျှဝေနိုင်ရန် "ထင်မြင်ချက်ပေးရေး ဖိတ်ခေါ်ခြင်း calling for submissions" ဖြင့် ဖိတ်ခေါ်နေပါသည်။ ၎င်းကို ကော်မတီမှ ဥပဒေကြမ်းကို စဉ်းစားဆုံးဖြတ်နေစဉ် သတ်မှတ်ရက်များအတွင်း ပြုလုပ်ပါမည်။

ဥပဒေကြမ်းအကြောင်းနှင့် ထင်မြင်ချက်ပေးရန် မည်သို့ပါဝင်နိုင်သည်ကို ပိုမိုသိရှိရန် အွန်လိုင်းတွင် လေ့လာပါ- https://bills.parliament.nz/v/6/5c7f002d-e4b4-4573-5563-08dd042d0cd2?Tab=history

ပုံမှန်အားဖြင့် ကော်မတီသည် ထင်မြင်ချက်ပေးပို့ရန် ဖိတ်ခေါ်ချက်ကို ပါလီမန်ဝဘ်ဆိုက်တွင် အများပြည်သူသိရှိရန် ဖော်ပြထားပါသည်။ သင့် ပေးပို့မှုကို အများပြည်သူအား အသိပေးလိုခြင်းမရှိပါက၊ ပေးပို့မှု မပြုမီ သင်၏ပေးပို့ချက်တို့ကို အများမသိအောင်လျှို့ဝှက်ထားပေးရန် ကော်မတီအား သင်တောင်းဆိုနိုင်ပါသည်။ သင်မှ ထင်မြင်ချက် ပေးပို့မှုမပြုမီတွင် ကော်မတီ၏ သဘောတူလက်ခံမှု လိုအပ်သည်။

တရားရေးဝန်ကြီးဌာန Ministry of Justice ၏ ဝဘ်ဆိုက်တွင်လည်း ပြည်ပကြားဝင်နှောင့်ယှက်မှု၊ ဥပဒေကြမ်းနှင့် ပြည်ပကြားဝင်နှောင့်ယှက်မှုတို့အား အစိုးရအဖွဲ့များသို့ သင်မည်သို့ သတင်းပို့နိုင်ပုံ စသည့် အချက်လက်များကို ဖော်ပြထားပါသည်။ ထိုအချက်အလက်တို့ကို ဝန်ကြီးဌာနဝဘ်ဆိုက်မှ Key Initiatives ဝဘ်စာမျက်နှာရှိ “Countering Foreign Interference” အပိုင်းတွင် တွေ့နိုင်ပါသည်-

https://www.justice.govt.nz/justice-sector-policy/key-initiatives/countering-foreign-interference